မှောင်မိုက်သော ညအစိတ်အပိုင်းကဲ့သို့ဖြစ်ပေါ်လာမည့်ဖိသ်နဟ်(စမ်းသပ်မှုများ) မတိုင်မီ အသင်တို့သည်

ကောင်းမှုများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြပါ

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
မှောင်မိုက်သော ညအစိတ်အပိုင်းကဲ့သို့ဖြစ်ပေါ်လာမည့် ဖိသ်နဟ်(စမ်းသပ်မှုများ)
မတိုင်မီ အသင်တို့သည် ကောင်းမှုများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြပါ။
ထိုအချိန်တွင် လူတစ်ဦးသည် နံနက်ခင်း၌ မိုအ်မင်န်(ယုံကြည်သူ) အဖြစ်ရှိနေပြီး
ညနေခင်းတွင် ကာဖိရ်(သွေဖည်ငြင်းပယ်သူ) ဖြစ်သွားလိမ့်မည်။ သို့မဟုတ် ညနေခင်း၌မိုအ်မင်န်(ယုံကြည်သူ) အဖြစ်ရှိနေပြီး နံနက်ခင်းတွင် ကာဖိရ်(သွေဖည်ငြင်းပယ်သူ)
ဖြစ်သွားလိမ့်မည်။ ၎င်းသည် လောကီအကျိုးစီးပွားအတွက် မိမိ၏သာသနာကို ရောင်းစားမည်
ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မို့အ်မင်န်များအားကောင်းမှုများကို တားဆီးပိတ်ပင်ပစ်မည့် ဖိသ်နဟ် စမ်းသပ်မှုများနှင့် ဒွိဟသံသယများမကျရောက်မည်အလျှင် ကောင်းမှုများကို မြန်မြန်ဆန်ဆန်နှင့် အများအပြား ဆောင်ရွက်ကြရန်တိုက်တွန်းနှိုးဆော်ထားတော်မူသည်။ ထိုဖိသ်နဟ်များသည် ည၏အစိတ်အပိုင်းကဲ့သို့အလွန်မှောင်မိုက်ပြီး အမှားနှင့်အမှန်ရာထွေးနေကာ လူတို့အနေဖြင့် ၎င်းတို့ကိုခွဲခြားရန် ခက်ခဲမည်ဖြစ်သည်။ ထိုဖိသ်နဟ်စမ်းသပ်မှုများ၏ ပြင်းထန်မှုကြောင့်လူတစ်ဦးသည် နံနက်ခင်း၌ မိုအ်မင်န်(ယုံကြည်သူ) အဖြစ်ရှိနေပြီး ညနေခင်းတွင်ကာဖိရ်(သွေဖည်ငြင်းပယ်သူ) ဖြစ်သွားလိမ့်မည်။ သို့မဟုတ် ညနေခင်း၌မိုအ်မင်န်(ယုံကြည်သူ) အဖြစ်ရှိနေပြီး နံနက်ခင်းတွင် ကာဖိရ်(သွေဖည်ငြင်းပယ်သူ) ဖြစ်သွားမည်ဖြစ်သည်။ ၎င်းသည် ကွယ်ပျောက်သွားမည်ဖြစ်သော လောကီအကျိုးစီးပွားတစ်ခုအတွက်မိမိသာသနာကိုစွန့်လွှတ်လိုက်မည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3138